WORLD KACHIN CONGRESS

contact@kachin.org

# ကချင်လူမှုအဖွဲ့အစည်းခေါင်းဆောင်များအား မတရားပြစ်ဒဏ်ချမှတ်မှုအပေါ်<br>နိုင်ငံတကာကချင်ကွန်ဂရက်မှ ကန့်ကွက်ရှုတ်ချခြင်း၊<br>အစစ်အမှန်ရာဇဝတ်ကောင် မြန်မာစစ်တပ်အား အရေးယူပိတ်ဆို့မှုပြုလုပ်ရန်တောင်းဆိုခြင်း

၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၈ ရက်

မြန်မာစစ်တပ်ကို အသရေဖျက်မှု ပုဒ်မ ၅၀၀ ဖြင့် ကချင်လူမှုအဖွဲ့အစည်းခေါင်းဆောင် ၃ ဦးအား စက်ဆုပ်ရွံရှာဖွယ်ကောင်းစွာ ထောင်ဒဏ် ၆ လ နှင့် ဒဏ်ငွေ ၅ သိန်းကျပ်စီ ပေးဆောင်စေရန် ပြစ်ဒဏ် ချမှတ်မှုအား နိုင်ငံတကာကချင်ကွန်ဂရက်မှ ပြင်းထန်စွာ ကန့်ကွက် ရှုတ်ချလိုက်ပါသည်။

ဒေါ်နန်ပူ၊ ဦးလွန်းဇောင်း နှင့် ဦးဇော်ဂျက် တို့ ၃ ဦးအနေဖြင့် မည်သည့်ပြစ်မှုမှ ကျူးလွန်ထားခြင်းမရှိပါ။ ၎င်းတို့ ၃ ဦးအနေနှင့် နေရပ်စွန့်ခွာထွက်ပြေးလာရသော ပြည်တွင်းရွှေ့ပြောင်းဒုက္ခသည်များအား ဘေးကင်းလုံခြုံသောခိုလှုံရာနှင့် လူမှုရေးထောက်ပံ့ကူညီခွင့်များရရှိခံစားပိုင်ခွင့်ကို မြန်မာစစ်တပ်မှ ပိတ်ပင်တားဆီးနေမှုအား ရပ်တန့်ပေးရန်အတွက် ငြိမ်းချမ်းစွာစုဝေးတောင်းဆိုမှုပြုလုပ်ရန် ယခုနှစ်အစောပိုင်းက ရိုးသားစွာကြိုးပမ်းခဲ့ခြင်းသာဖြစ်သည်။

ဆန့်ကျင်ဖက်ဖြစ်ရပ်မှန်မှာမြန်မာစစ်တပ်ကသာလက်နက်မဲ့အရပ်သားများအားထိခိုက်ပျက်စီးဆုံးရှုံးနစ်နာမှုဖြစ်စေသည့်နေရပ်စွန့်ခွာထွက်ပြေးလာသူများကိုရည်ရွယ်ချက်ရှိရှိထောင်ချောက်ဆင်ပိတ်ပင်တားဆီးခြင်း၊ ၎င်းတို့အား လူသားဒိုင်းများသဖွယ် အသုံးချခြင်းနှင့် အခြားသော စစ်ရာဇဝတ်မှုများကို ကျူးလွန်ခဲ့ကြခြင်းဖြစ်သည်။ ဤကဲ့သို့ ယုတ်မာစွာကျူးလွန်ခဲ့သော ပြစ်မှုပေါင်းမြောက်များစွာကို ကမ္ဘာတလွှားရှိလူ့အခွင့်အရေးအဖွဲ့စည်းများကကောင်းစွာမှတ်တမ်းတင်ထားသကဲ့သို့ ကုလသမဂ္ဂဆိုင်ရာလွတ်လပ်သောနိုင်ငံတကာစုံစမ်းစစ်ဆေးရေးအဖွဲ့၏မကြာခင်ကထွက်ရှိသောအစီရင်ခံစာတွင်လည်း အလေးပေးဖော်ပြထားသည်။

မြန်မာစစ်တပ်သည်အကြမ်းဖက်မှုများကိုအဓိကဖောက်ဖျက်ကျူးလွန်သောအဖွဲ့အစည်းတရပ်ဖြစ်ရုံသာမက တိုင်းရင်းသားပြည်နယ်များတွင် ရက်စက်ကြမ်းကြုတ်မှုများကို နှစ်ပေါင်း ၅၀ ကျော်ကြာ ဒိုင်ခံကျူးလွန်နေသော အဖွဲ့အစည်းတရပ်ဖြစ်သည်။ ၎င်းတို့အနေနှင့် ပြစ်ဒဏ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့် ရရှိနေမှုအပေါ် မောက်မာပုံကြွားနေသကဲ့သို့ ၎င်းတို့ကျူးလွန်ခဲ့သောပြစ်မှုများကို

ထုတ်ဖော်ပြောဆိုရဲသူများကိုခြိမ်းခြောက်ခြင်း၊တရားစီရင်ရေးစနစ်အပေါ် ကျော်လွန်သောမတော်သြဇာအသုံးပြု၍မတရားပြစ်ဒဏ်များချမှတ်အပြစ်ပေးခြင်းများပြုလုပ်နေသည်။အမည်ခံငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆောင်ရွက်နေသည်ဟုအသံကောင်းဟစ်နေသည့်လက်ရှိအချိန်တွင်လည်းကချင်ပြည်နယ်တပုမ်းတွင်၄င်းတို့အနေနှင့်တိုက်ခိုက်မှုများ၊ ရက်စက်ယုတ်မာသောလုပ်ရပ်များဆက်လက်ကျူးလွန်နေသည်။ဒေသခံတိုင်းရင်းသားလူမျိုးများကိုအတင်းအဓမ္မနေရာရွှေ့ပြောင်းစေခြင်း၊ ၄င်းတို့ပိုင် မြေယာနှင့်သဘာဝသယံဇာတများကို မတရားသိမ်းယူခြင်းများ ဆက်လက်ကျူးလွန်လျှက်ရှိသည်။

တရားမျှတမှုကိုဖျက်ဆီးနေသောလက်ရှိဖြစ်ရပ်များမှာ၄င်းဖြစ်ရပ်များကိုလစ်လျူရှု၍သာမာန်ဖြစ်ရိုးဖြစ်စဉ်ကဲ့သို့သဘောထားနေသောမြန်မာအစိုးရအားအရေးယူဆောင်ရွက်လာစေရန်နိုင်ငံတကာအသိုင်းအဝိုင်းအတွက်အချက်ပေးခေါင်းလောင်းသံပင်ဖြစ်သည်။နိုင်ငံတကာမှလက်နက်ရောင်းချမှုပိတ်ပင်တားဆီးရေးနှင့်ခရီးသွားလာခွင့်ပိတ်ပင်တားဆီးမှုများ၊ပစ်မှတ်ထားအရေးယူပိတ်ဆို့မှုများပြုလုပ်၍စစ်ရာဇဝတ်ပြစ်မှုကျူးလွန်ချိုးဖောက်သူများအားကျွန်ုပ်တို့အနေနှင့်ညီညွတ်စွာတုံ့ပြန်အရေးယူဆောင်ရွက်ရမည် ဖြစ်သည်။

မတရားအပြစ်ပေးခြင်းခံရသောပုဂ္ဂိုလ်၃ဦးချက်ခြင်းလွတ်မြောက်ရေးအတွက်သာမကတရားစီရင်ရေးစနစ်ပြုပြင်ပြောင်းလဲရေး၊မြန်မာစစ်တပ်အားအရပ်သားအစိုးရထိမ်းချုပ်မှုအောက်တွင်ပြန်လည်ထားရှိနိုင်ရေးတို့အတွက်ပါ ဖိအားပေးဆောင်ရွက်ရမည့် အချိန်သို့ရောက်ရှိနေပေပြီ။ ဖက်ဒရယ်ဒီမိုကရေစီဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ်ပေါ် ထွက်လာရေးအတွက်အားလုံးပါဝင်သော နိုင်ငံရေးညှိနှိုင်းဆွေးနွေးပွဲများစတင်နိုင်ရေးအတွက် တဖက်သတ် တပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်စဲရေးကိုချက်ခြင်းကြေညာ၍ မြန်မာစစ်တပ်အားလုံး တိုင်းရင်းသားဒေသများမှ ချက်ခြင်းဆုတ်ခွာရေးဆောင်ရွက်ရမည့်အချိန် ဖြစ် သည်။

မတရားအပြစ်ပေးအရေးယူမှုများကိုပြစ်တင်ရှုတ်ချရန်နှင့်တက်ကြွလှုပ်ရှားသူများအနေနှင့်နှင့်မတရားဖိနှိပ်ချုပ်ခြယ်မှု၊ ပြစ်ဒဏ်ခတ်အရေးယူမှုများကို စိုးရိမ်ထိတ်လန့်စရာမလိုအပ်ဘဲ ၄င်းတို့၏ ငြိမ်းချမ်းစွာဒီမိုကရေစီအရေးဆောင်ရွက်မှုများကိုလုပ်ဆောင်ခွင့်ရရေးကြိုးပမ်းတောင်းဆိုပေးရန်ဒီမိုကရေစီအရေးထောက်ခံသူများအားလုံးကို ကျွန်ုပ်တို့အနေနှင့် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်မေးမြန်းရန် -

| | | |
|---|---|---|
| ဒေါ် မွန်းနေလီ (ထိုင်း) | ဒေါ် မရစ်ဆိုင်းဘူ (ဂျပန်) | ဦးဆိုင်းဂွမ်ဆန်(အမေရိကန်) |
| ဖုန်း - +၆၆ ၈၅ ၅၂၃ ၃၇၉၁ | ဖုန်း - +၈၁ ၉၀၄ ၀၇၆ ၆၅၇၉ | ဖုန်း - +၁ ၄၄၃ ၄၁၅ ၈၆၈၃ |